Kachin Development Networking Group

*Community action for sustainable development, equality and justice*

# နေပြည်တော်ရဲ့သွေးစွန်းသောပယင်း ဟူသည့်အသစ်သော အစီရင်ခံစာ၌ ဟူးကောင်း ချိုင့်ဝှမ်းဒေသရှိဌာနေတိုင်းရင်းသားများအား ရှင်းလင်းရေး လုပ်နေကြောင်း ဖော်ပြထား

ရက်စွဲ။ ။ ဩဂုတ်လ၊ ၂၀ ရက်၊ ၂၀၁၉ ခုနှစ်

အကျိုးအမြတ်အမြောက်အများဖြစ်ပေါ်စေမည့်အရင်းမြစ်များအား ထိန်းချုပ်ရန်နှင့် လီဗိုလမ်းမဖြစ် သော တရုတ်နှင့်အိန္ဒိယနိုင်ငံအား ဆက်သွယ်ထားသည့် ပိုးလမ်းမစီမံကိန်း ( Belt and Road Initiative ) အား ပိုမိုလုံခြုံသွားစေရန်အတွက် ကနေ့ထုတ်ဝေလိုက်သည့် အသစ်သောအစီရင်ခံ စာ၌ မြန်မာစစ်တပ်မှ ကချင်ပြည်နယ် ဟူးကောင်းချိုင့်ဝှမ်းဒေသ ပယင်းတူးဖော်ရေးမှော်တွင်နေ ထိုင်သော ဌာနေတိုင်းရင်းသားတောင်သူလယ်သမားများအား မောင်းထုတ်ရှင်းလင်းလိုက်ကြောင် င်း ဖော်ပြထားပါသည်။

မြန်မာအစိုးရစစ်တပ်သည် ဌာနေတိုင်းရင်းသားများအား ရှင်းထုတ်ပစ်ကာ ကချင်လွတ်မြောက်ရေး တပ် (KIA) လက်ထဲမှ ဤပယင်းမှော်အား စနစ်ကျကျလုပ်ဆောင် လုယူသွားကြောင်း ကချင်လူမှု ဖွံ့ဖြိုးရေးအဖွဲ့(KDNG) မှ သွေးစွန်းသောပယင်း အမည်ဖြင့်မြေပုံနှင့်တကွဖော်ပြလိုက်ပါသည်။

ဟူးကောင်းကမ်ပိန်းလုပ်ဆောင်မှု၌ ကနဦးတရားဝင်ပြောဆိုထားသည်မှာ တရားမဝင်တူးဖော်သည့် မှော်အားဝင်ရောက် ရှင်းလင်းရန်နှင့် သဘာဝပတ်ဝန်းကျင်အားထိန်းသိမ်းကာကွယ်ရန်ဟု ဆိုထား သော်လည်း အစိုးရမှ ဆက်လက်လုပ်ဆောင်သွားသည်မှာ တရားဝင်အဖြစ်ဘောင်သွင်းလိုက် ခြင်းနှင့် ထိုဒေသ၌နေထိုင်သော ဌာနေတိုင်းရင်းသားများရဲ့သဘောဆန္ဒနှင့်ဆန့်ကျင်ကာ ပယင်းမှော်အား ပြန်လည်တူးဖော်ဖို့လုပ်ဆောင်လာသည်မှာ မြန်မာစစ်တပ်ရဲ့နဂိုမူလရည်ရွယ် ချက်အား ရှင်းရှင်းလင်းလင်းဖြစ်သွားစေပါသည်။

၂၀၁၈ ခုနှစ်၌ အစိုးရမှ ပယင်းမှော်အားအပြည့်အဝထိန်းချုပ်သွားချိန်ဒေသခံကချင်တောင်သူလယ် သမား ၃၀၀၀ ကျော်သည် တနိုင်းမြို့IDP စခန်း၌သောင်တင်နေပြီး သူတို့ရဲ့နေရပ်ကိုပြန်လာဖို့ရန် အစိုးရစစ်တပ်မှ ပိတ်ဆို့ထားကာ တရားဝင်အကူအညီထောက်ပံ့မှုမရဖြစ်နေရပါသည်။

နှင်ထုတ်ခြင်းခံရသည့်ဒေသခံရွာသားများသည် နိုင်ငံတော်သမ္မတထံ ပယင်းမှော်တူးဖော်ခြင်းအား ရပ်တန့်ရန်၊ သူတို့ရဲ့ယာမြေများကျေးရွာများအားမထိပါးရန်နှင့် သူတို့အား မိမိနေရပ်သို့ပြန်လာခွင့် ပေးရန် အသနားခံစာရေးတောင်းဆိုထားသော်လည်း မည်သည့်အဖြေမှ မရရှိပါ။

ဒေသခံရွာသားတစ်ယောက်ပြောဆိုသည်မှာ "ပယင်းမှော်လုယူခံနေရတဲ့အတွက်ကြောင့် ကျနော်တို့ ဌာနေတိုင်းရင်းသားတွေလည်း နှင်ထုတ်ခံရနေပြီးဒုက္ခရောက်နေကြရတယ်။ ကျနော့်

ကလေးတွေ ရဲ့အနာဂတ်အတွက် စိတ်မကောင်းဖြစ်နေရပါတယ်။ ကျနော်တို့ဘယ်လောက်ထိ ဒီလိုမျိုးပုံစံနဲ့ ဆက်ပြီးအသက်ရှင် နေရမလဲမသိဘူး။”

ဟူးကောင်းထိုးစစ်သည် ထပ်ခါတလဲလဲလုပ်ဆောင်နေကြ စစ်တပ်ရဲ့နယ်မြေချဲ့ထွင်မှုနှင့် ကချင်ပြည်၌ နေထိုင်သောဒေသခံတိုင်းရင်းသားများအား အကြမ်းဖက်ခြင်းဖြစ်ပြီး ဗဟိုအစိုးရနှင့် စစ်တပ်အတွက် အကျိုးအမြတ်အလို့ငှာ သယံဇာတထုတ်ယူရာပိုမိုခိုင်မာသောစီးပွားရေး လုပ်ဆောင်ခြင်းသာဖြစ်သည်။

ကချင်လူမှုဖွံ့ဖြိုးရေးအဖွဲ့မှ ကို စာဂျီ ပြောဆိုရာတွင် “အားလုံးသိတဲ့အတိုင်းပဲ တချိန်တုန်းက လှပခဲ့တဲ့ ဖါးကန့်ဒေသရဲ့တောင်တွေ၊ မြစ်ရေတွေ၊ လယ်မြေတွေဟာ ကျောက်စိမ်းတူးဖော်ခြင်းဖြင့် အားလုံး ဖျက်ဆီးလိုက်ပါပြီ။ အခုဆိုလဲ ဗဟိုအစိုးရက ဟူးကောင်းချိုင့်ဝှမ်းရှိ ပယင်းဒေသကို ဖါးကန့်ကပုံစံ အတိုင်းဖျက်ဆီးလိုက်ချင်တာ။”

ကချင်ပြည်မှထွက်ရှိသော ပယင်းသည် ဒိုင်နိုဆောခေတ်၌ စတင်တည်လာခဲ့သော ကမ္ဘာ၌ တစ်ခုတည်းသော ပယင်းအမျိုးအစားဖြစ်ပါသည်။ အခြားသောနိုင်ငံများမှ ထွက်ရှိသော ပယင်းများသည် နှစ် သန်း ၃၀ မှ ၄၀ သက်တမ်းရှိရာ   ဤဟူးကောင်းဒေသရှိပယင်းများသည် နှစ် သန်း ၁၀၀ ဝန်းကျင် သက်တမ်းရှိနေပါသည်။ သုတေသနလုပ်ဆောင်သူများသည် ငှက်ဖြစ် ရုပ်ကြွင်း၊ တွားသွားသတ္တဝါရုပ်ကြွင်း၊ ပိုးမွှားရုပ်ကြွင်းနှင့် ဒိုင်နိုဆောရုပ်ကြွင်း အစ အစိတ်အပိုင်းအချို့အား ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ ပယင်းကျောက်ထဲ၌ ပါရှိနေကြောင်းရှာဖွေတွေ့ရှိခဲ့ကြပါသည်။

သွေးပယင်းသည် တရုတ်အခေါ်၌ အင်မတန်မှ ရှားပါးသော နီရဲရဲရတနာအမျိုးအစားဖြစ်ပြီး ဟူးကောင်းချိုင့်ဝှမ်း၌သာတွေ့ရှိနိုင်ပါသည်။

အစီရင်ခံစာဖတ်ရှုရန်: http://burmese.kdng.org/wp-content/uploads/2019/08/Blood_Amber_Burmese_version_pdf-1.pdf

ဆက်သွယ်ရန် -
ကိုဆိုင်းအောင်(ဒေသခံ) - ၀၉ ၂၆၅၇၅၅၇၆၂
ဒေါ်လုဆိုင်း (ဒေသခံ) - ၀၉ ၇၆၃၀၉၃၄၀၃
ကိုစာဂျီ (KDNG) - ၀၉ ၄၀၁၅၃၈၂၄၉
ကိုဇော်မိုင် (KDNG) - ၀၉ ၄၂၄၃၄၁၉၉၄